တောင်ယာစိုက်ပျိုးရေးအပေါ် မှီခိုနေရတဲ့ ချင်းပြည်နယ်မှာ ဒီနှစ်အတွင်း ဝါးသုဉ်းတဲ့ဒဏ်၊ ကြွက်ကျတဲ့ ဒဏ်တွေကြောင့် အစာရေစာရှားပါးနေချိန်မှာ စစ်အစိုးရရဲ့ အခွန်စည်းကြပ်မှုတွေ၊ အဓမ္မဆက်ကြေး ကောက်ခံမှုဒဏ်တွေကိုလည်း ခံစားနေကြရပါတယ်။

ချင်းပြည်နယ်မှာ ဒီနှစ်အတွင်း ဝါးသုဉ်းတဲ့ဒဏ်ကြောင့် တောင်ယာစိုက်ပျိုးရေးထိခိုက်ပြီး ပြည်နယ် လူထုလေးပုံတပုံလောက် အစာရေစာငတ်မွတ်ခေါင်းပါးတဲ့ဒဏ်ကို အလူးအလဲခံစားနေကြရတယ်လို့ ချင်းအမျိုးသားတပ်ဦးရဲ့ နိုင်ငံတကာကိုပန်ကြားချက်ထဲမှာ ဖော်ပြထားပါတယ်။ အခုလို ဝါးသုဉ်းတဲ့အခိုက်နဲ့ ကြုံရချိန်မှာ နောက်ဆက်တွဲ ရလဒ်အဖြစ် စာနပ်ရိက္ခာရှားပါးသွားရပုံကို ချင်းအမျိုးသား တပ်ဦးရဲ့ ဗဟိုကော်မီတီဝင်၊ သတင်းနဲ့ ပြန်ကြားရေးတာဝန်ခံ ဦးထက်နီက အခုလို ရှင်းပြပါတယ်။

ဝါးသုဉ်းပြီး ကြွက်တွေက တောင်ယာ စိုက်ပျိုးသီးနှံတွေကို အကုန်ဝင်စားသွားတဲ့အတွက် တနှစ်လုပ်မှ တနှစ်စားရတဲ့ ချင်းပြည်သူလူထုမှာ အစာရေစာ ခေါင်းပါးမှုကို တိုက်ရိုက်ခံစားရကြောင်း၊ ပလက်ဝ၊ မတူပီ၊ ထန်တလန်၊ ဟားခါးနဲ့ နယ်စပ်ဒေသတွေမှာလည်း အဲဒီလို ဒုက္ခကြုံတွေ့ရတာကြောင့် ချင်းပြည်နယ် လေးပုံတပုံမှာ ငတ်မွတ်ခေါင်းပါးမှု ကြုံတွေ့နေရတယ်လို့ RFAကို သူက ပြောပြပါတယ်။

အခုလို ဝါးသုဉ်းတာဟာ နှစ်ငါးဆယ်လောက်မှာတခါ ဖြစ်တတ်ကြောင်း ဦးထက်နီက ပြောပါတယ်။ ဝါးသုဉ်းတာ၊ ကြွက်ကျတာတွေကြောင့် ချင်းလူထုလေးပုံတပုံ စားနပ်ရိက္ခာပြဿနာ ကြုံတွေ့နေရ ပေမဲ့ စစ်အစိုးရ ကတော့ လူမှုအကူအညီပေးမဲ့အစား တင်းကြပ်တဲ့အခွန်တွေနဲ့ အဓမ္မဆက်ကြေး တွေကိုသာ တိုးတက်ကောက်ခံနေတဲ့ အတွက် ဒေသခံချင်းပြည်သူတွေမှာ ဒီဒဏ်တွေကို အလူးအလဲ ခံစားနေကြပါတယ်။

ချင်းပြည်နယ်မှာကောက်ခံတဲ့ အခွန်နဲ့ဆက်ကြေးတွေထဲက တချို့ကို ကြည့်ရင်- မတူပီ၊ ဟားခါး၊ မင်းတပ်မြို့နယ်တွေမှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းကတအိမ်ထောင် ကို တနှစ် ၃၀၀၀ ကျပ်ကောက်ခံ သလို မြို့နယ်၊ရပ်ကွက် အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေး ကောင်စီ ကလည်း လူမှုရန်ပုံငွေဆိုတဲ့ခေါင်းစဉ်အောက်မှာ တအိမ်ထောင်ကို တနှစ် တသောင်းနှစ်ထောင် ကျပ်၊ ပေါ်တာကင်းလွတ်ခ ဆိုပြီး ကျပ်သုံးသောင်းကောက်ခံပါတယ်။ စည်ပင်သာယာရေးအခွန် (၁၇)မျိုး ရှိရာမှာ ဆိုင်ကယ်ခွန် တနှစ် ငါးထောင်၊ ကားကြီးခွန် တသောင်း၊ ကားလေးခွန် ခုနစ်ထောင်၊ တိုက်အိမ်မြေကွက်ခွန် ၃၅၀၀၊ ရေသွယ်ခ တသိန်းခွဲ ပေးဆောင်ရပါတယ်။ အိမ်ဆောက်မယ်ဆိုရင် လည်း အကောက်ခွန်ဌာနကို ကုန်ကျစရိတ်ရဲ့ ၁၀ ရာခိုင်နှုန်းပေးဆောင်ရ ပါတယ်။ လျှပ်စစ်မီတာ ဘောက်တပ်ဆင်ခက ငါးသိန်းဖြစ်ပါတယ်။ ဒါတင်မက စစ်စိုးရတပ်စခန်းတွေ ကိုလည်း ပေါ်တာ တကြိမ်ကင်းလွတ်ခ အဖြစ် တအိမ်ထောင်ကို ငါးထောင်ပေးရတဲ့အပြင် ကြက်သုံးကောင်လည်း ပေးရပါသေးတယ်။ ဒီအခွန်နှုန်းထားတွေဟာ ချင်းပြည်နယ်က မြို့နယ် (၉)မြို့နယ်က ရရှိတဲ့

စာရင်းတွေဖြစ်တယ်လို့ ချင်းအမျိုးသားတပ်ဦး သတင်းနဲ့ပြန်ကြားရေးတာဝန်ခံ ဦးထက်နီက ပြောပါတယ်။

မြို့ပေါ်နေ ချင်းအိမ်ထောင်စုတစုဟာ တနှစ်မှာ ကျပ်ငွေ (၈)သိန်းကျော်၊ ကျေးလက်နေ ချင်းအိမ်ထောင်စုတစုဟာ တနှစ်မှာ ကျပ်ငွေ လေးသောင်းကျော် စစ်အစိုးရကို အခွန်နဲ့ဆက်ကြေး ပေးဆောင်နေရတာပါ။ အဲသလို သဘာဝဘေးဒဏ်ကြောင့် အငတ်ဘေးနဲ့ ရင်ဆိုင်နေရတဲ့အပြင် စစ်အစိုးရရဲ့ ဆက်ကြေးတွေကပါ ဖိစီးနှိပ်စက်နေတာမို့ ဒုက္ခပင်လယ်ဝေနေရတဲ့ ချင်းပြည်သူတွေ အတွက် နိုင်ငံတကာမိသားစုတွေ၊ အစိုးရတွေနဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေက လူမှုရေး အကူအညီတွေပေးလှူကြဖို့ ချင်းအမျိုးသားတပ်ဦးက ပန်ကြားထားပါတယ်။

ချင်းအမျိုးသားတပ်ဦးကို ၁၉၈၈ ခုနှစ်၊ မတ်လ က ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

